

ဘာသာပြန် - စိုးလင်း

# နယ်မြေတွေ ပေးပြီး သမိုင်းတစ်လျှောက်ရဲ့ ဒဏ္ဍာရီလာ ဧကရာဇ် ဖြစ်လာခြင်း

စာစဉ်-၃၉

# အပိုင်း (၄၁၆)

*

ထိုအချိန်တွင် ဆောင်းဦးရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ ရိတ်သိမ်းချိန်အခါသမယပင် ဖြစ်တော့သည်။ ဟီရှန်းသည်လည်း ဝမ်းသာအားရသော မျက်နှာပေးဖြင့် အစီရင်ခံရန် နန်းတော်အတွင်းသို့ ဝင်လာခဲ့သည်။

"အရှင်မင်းကြီးကို အစီရင်ခံပါတယ်... ယခုနှစ်အစကတည်းက ကျွန်တော်မျိုးတို့ မဟာရှနိုင်ငံတော်ကြီးဟာ ရာသီဥတု သာယာဝပြောပြီး အေးချမ်းသာယာလျက် ရှိပါတယ်၊ တိုင်းပြည်က သာယာဝပြောပြီး ပြည်သူတွေကလည်း ဘေးကင်းလုံခြုံကြပါတယ်။ ကုန်ထုတ်လုပ်ငန်းမှာ

ပါဝင်သူတွေ ပိုများလာသလို မြေရိုင်းတွေကို ဖော်ထုတ်ပြီး သီးနှံစိုက်ပျိုးတာတွေလည်း တိုးတက်လာတဲ့အတွက် ဒီနှစ်မှာလည်း အထွက်နှုန်း အလွန်ကောင်းမွန်တဲ့ ရိတ်သိမ်းပွဲကို ရရှိခဲ့ပြန်ပါပြီ။ ကနဦး ခန့်မှန်းချက်တွေအရ လူဦးရေ သန်း ၁၂၀ အတွက် တစ်နှစ်စာ ဖူလုံရုံတင်မက ဘဲ ပိုလျှံတဲ့အထိ ရိတ်သိမ်းနိုင်မှာ ဖြစ်ပါတယ်"

လင်းပိုင်ဖန်မှာ ထိုအကြောင်းကို ကြိုတင်သိရှိထားသော်လည်း အလွန်အမင်း ဝမ်းသာသွားပြီး "ကောင်းတယ်... တကယ့်ကို ကောင်းတယ်" ဟု ချီးကျူးလိုက်သည်။

ယခုအခါ သူတို့ မဟာရှနိုင်ငံတော်၏ စုစုပေါင်းလူဦးရေမှာ သန်း ၇၀ ခန့် ရှိနေပြီ ဖြစ်သည်။ ပြီးခဲ့သည့်နှစ်ကလည်း စားနပ်ရိက္ခာများ ပိုလျှံခဲ့ပြီး ယခုနှစ်တွင်လည်း ထပ်မံ၍ အထွက်နှုန်း ကောင်းခဲ့ပြန်ရာ တစ်နိုင်ငံလုံးရှိ

ပြည်သူများအတွက် နှစ်နှစ်စာ ဖူလုံသော ရိက္ခာများကို ပိုင်ဆိုင်ထားနိုင်ပြီ ဖြစ်သည်။

ဤသည်မှာ မည်ကဲ့သို့သော အံ့ဖွယ်အမှုမျိုးပါနည်း။ အင်အားကြီးသော အင်ပါယာကြီးများတွင်ပင် ဤကဲ့သို့ စားနပ်ရိက္ခာ အရန်အင်အားမျိုး မရှိကြချေ။ ရှေးခေတ်ကာလများတွင်မူ ဤအခြေအနေမျိုးမှာ လုံးဝ စိတ်ကူးယဉ်၍ပင် မရနိုင်သော ကိစ္စဖြစ်လေသည်။

"ဒီသတင်းကို တစ်လောကလုံး သိအောင်ကြေညာလိုက်စမ်း၊ ပြည်သူတွေနဲ့အတူ ပျော်ပွဲရွှင်ပွဲတွေ ဆင်နွှဲကြစေ" ဟု လင်းပိုင်ဖန်က စိတ်အားထက်သန်စွာဖြင့် လက်ဝှေ့ယမ်းကာ အမိန့်ပေးလိုက်သည်။

"အမိန့်တော်အတိုင်းပါ အရှင်မင်းကြီး" ဟု ဟီရှန်းက ပြန်လည်ဖြေကြားလိုက်သည်။

ထိုအချိန်မှာပင် နန်းတော်၏ အနောက်ဘက်

အရပ်မှ ပြင်းထန်သော အရှိန်အဝါတစ်ခု ရုတ်တရက် ပေါက်ကွဲထွက်ပေါ်လာပြီး တစ်မြို့လုံးသို့ ရိုက်ခတ်သွားလေသည်။ သာမန်ပြည်သူများဖြစ်စေ၊ သိုင်းပညာရှင်များဖြစ်စေ အားလုံးမှာ ရင်ဘတ်ထဲတွင် တင်းကျပ်သွားကာ မခံမရပ်နိုင်အောင် ဖြစ်သွားခဲ့ကြရသည်။

"ဘယ်လို အစွမ်းထက်တဲ့ ပုဂ္ဂိုလ်က ဒီလောက် ပြင်းထန်တဲ့ အရှိန်အဝါကို ထုတ်ဖော်လိုက်တာလဲ၊ တကယ့်ကို နေရထိုင်ရ ခက်လိုက်တာ"

"ဘယ်က အသိဉာဏ်ကင်းမဲ့တဲ့ သိုင်းပညာရှင်က မဟာရှုနန်းတော်ထဲမှာ လာပြီး ပြဿနာရှာရဲတာလဲ၊ အသက်မရှင်ချင်တော့ဘူး ထင်တယ်"

"ငါတို့ မဟာရှုမှာ ကောင်းကင်အဆင့် သိုင်းပညာရှင် နှစ်ယောက်တောင် ရှိတာနော်"

"အရှင်မင်းကြီး... သတိထားတော်မူပါ" ဟု ဟီရှန်းမှာ စိုးရိမ်တကြီးဖြင့် လင်းပိုင်ဖန်၏ ရှေ့တွင်

ကာကွယ်ရန် ရပ်လိုက်သည်။

လင်းပိုင်ဖန်က ရယ်မောလိုက်ရင်း "စိတ်မပူပါနဲ့... ဒါက သတင်းကောင်းပဲ၊ ငါတို့ မဟာရှမှာ နောက်ထပ် ကောင်းကင်အဆင့် သိုင်းပညာရှင် တစ်ယောက် ထပ်တိုးလာပြီ" ဟု ပြောလိုက်သည်။

သူ စကားပြောပြီးသည်နှင့် ထိုပြင်းထန်သော အရှိန်အဝါမှာ ပြန်လည်ကျုံ့ဝင်သွားပြီးနောက် ရှည်လျားသော လုံတစ်စင်းအဖြစ် စုစည်းကာ ကောင်းကင်ယံသို့ ထိုးတက်သွားတော့သည်။ တိမ်တိုက်များကို ဖောက်ထွက်သွားပြီးနောက် ထိုအပေါက်မှတစ်ဆင့် နေရောင်ခြည်များ မြေပြင်ပေါ်သို့ ဖြာကျလာလေသည်။

ထိုခဏမှာပင် ရဲရင့်သော ရယ်မောသံတစ်ခုမှာ တစ်မြို့လုံးသို့ ပျံ့နှံ့သွားခဲ့သည်။

"ငါ အောင်မြင်သွားပြီ... ဒီအဘိုးကြီး

နောက်ဆုံးတော့ အောင်မြင်သွားပြီဟေ့... ဟား ဟားဟား..."

"အရှင်မင်းကြီး..."

ဟီရှန်းမှာ ခေတ္တမျှ တုံ့ဆိုင်းသွားပြီးမှ "ဒါက... လုံနတ်ဘုရား ရဲ့ လုံသိုင်းအရှိန်အဝါ မဟုတ်လား။ သူ... အောင်မြင်သွားပြီလား၊ သူ ကောင်းကင်အဆင့်ကို ရောက်သွားပြီလား" ဟု မေးလိုက်သည်။

"ဟုတ်တယ်... သွားကြည့်ကြတာပေါ့"

အမွှေးတိုင်တစ်ဝက်စာခန့် ကြာပြီးနောက် လင်းပိုင်ဖန်နှင့် အခြားသူများမှာ ခမ်းနားထည် ဝါသော အိမ်တော်တစ်ခုသို့ ရောက်ရှိလာကြ သည်။ ဤနေရာကား လုံနတ်ဘုရား နေထိုင်ရာ နေရာပင် ဖြစ်သည်။

ယခုအခါ လုံနတ်ဘုရားမှာ လုံတစ်စင်းကဲ့သို့ မတ်မတ်ရပ်နေပြီး မျက်နှာတွင် အပြုံးများ

ဝေဆာနေသည်။ သူ၏ မျက်နှာပေါ်ရှိ အရေးအကြောင်းများမှာလည်း သိသိသာသာ လျော့ပါးသွားပြီး ပိုမိုနုပျို လန်းဆန်းနေပုံရသည်။ ထို့ပြင် ဖြူဖွေးနေသော ဆံပင်များကြားတွင် အနက်ရောင် ဆံနွယ်အချို့ ပြန်လည် ထွက်ပေါ်လာသဖြင့် ဆယ်စုနှစ်ပေါင်းများစွာ ပြန်လည်နုပျိုသွားသကဲ့သို့ပင်။

ဤသည်မှာ ကောင်းကင်အဆင့်သို့ တက်လှမ်းနိုင်သူတိုင်း ကြုံတွေ့ရလေ့ရှိသော ခန္ဓာကိုယ် ပြန်လည်နုပျိုသွားမှုပင် ဖြစ်သည်။ အရိုးတွင်း ခြင်ဆီများကို သန့်စင်ပေးပြီး အသက်တမ်းကို နှစ်ပေါင်း ၅၀ မှ ၆၀ အထိ တိုးမြှင့်စေသဖြင့် သဘာဝအတိုင်း ပိုမိုနုပျိုလာခြင်း ဖြစ်သည်။

လုံနတ်ဘုရားအပြင် အခြားသော ထူးချွန်သည့် သိုင်းပညာရှင်များစွာလည်း ထိုနေရာသို့ ရောက်ရှိနေကြပြီး အားလုံးက လုံနတ်ဘုရားအား လာ

ရောက်ဂုဏ်ပြုကြသဖြင့် အလွန်ပင် စည်ကား နေတော့သည်။

ချိုင်ယွီရှင်းမှာ စိတ်လှုပ်ရှားစွာဖြင့် "ဆရာ... ဆရာ့ရဲ့ အိမ်မက်က နောက်ဆုံးတော့ အကောင်အထည် ဖော်နိုင်ခဲ့ပြီပေါ့။ ကျွန်မ တပည့်အပေါင်းအဖော်တွေကို သွားပြောလိုက် ဦးမယ်၊ သူတို့အားလုံးလည်း ပျော်သွားကြမှာပဲ" ဟု ပြောလိုက်သည်။

လက်ဗလာဆရာကြီးကလည်း မနာလိုဖြစ် ဖွယ် လေသံဖြင့် "စီနီယာကြီး... တကယ့် လုံ့နတ် ဘုရားအစစ်အဖြစ်နဲ့ ကမ္ဘာ့အင်အားကြီး ပုဂ္ဂိုလ်တွေထဲမှာ ပါဝင်နိုင်ခဲ့ပြီ ဖြစ်လို့ ဂုဏ်ယူပါ တယ်" ဟု ဆိုလိုက်သည်။

အရက်ဓားအင်မော်တယ်ကမူ "နောင်ကျရင် လုံ့နတ်ဘုရား စီနီယာကြီးဆီကနေ လမ်းညွှန်မှု တွေ ထပ်ပြီး ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

ဟု ပြောလိုက်သည်။

လုံနတ်ဘုရားမှာ နွေဦးလေပြေကို ခံစားနေရသကဲ့သို့ ပြုံးရွှင်လျက် "အားလုံးကို ကျေးဇူးတင်ပါတယ်... ဟားဟား..." ဟု ပြန်လည်ပြောကြားလိုက်သည်။

လင်းပိုင်ဖန် ရောက်လာသည်ကို မြင်လိုက်ရသောအခါမှ အားလုံးက လှည့်လိုက်ပြီး တညီတညွတ်တည်း ဦးညွှတ်နှုတ်ဆက်ကြသည်။

"အရှင်မင်းကြီးကို ဂါရဝပြုပါတယ်... အရှင်မင်းကြီး သက်တော်ရာကျော် ရှည်ပါစေ"

"အားလုံး ထကြပါ" ဟု လင်းပိုင်ဖန်က ပြုံးလျက် လက်ဝှေ့ယမ်းကာ ပြောလိုက်သည်။

လုံနတ်ဘုရားမှာလည်း လျင်မြန်စွာ ပြေးလာပြီး ရိုသေစွာ ဦးညွှတ်လျက် "တပည့်က ဆရာ့ကို ဂါရဝပြုပါတယ်၊ စီနီယာ အစ်ကိုကြီးကိုလည်း

နှုတ်ဆက်ပါတယ်" ဟု ဆိုလိုက်သည်။

ဓားအဖိုးအိုကလည်း ပြုံးရွှင်လျက် "ညီငယ်... မင်းရဲ့ ကိုယ်ပိုင်လမ်းစဉ်ကို ရှာတွေ့သွားလို့ ဂုဏ်ယူပါတယ်" ဟု ပြောလိုက်သည်။

လင်းပိုင်ဖန်က ကျေနပ်အားရစွာ ပြုံးလိုက်ပြီး "ငါကတော့ လေးငါးလလောက် ကြာမယ်လို့ ခန့်မှန်းထားတာ၊ အခုတော့ နှစ်လကျော်ကျော်လေးနဲ့တင် အောင်မြင်သွားပြီပဲ။ မင်းက ငါ့ကို တကယ့်ကို အံ့ဩသွားစေတာပဲ... ဟားဟား...."

လုံနတ်ဘုရားမှာ အလွန်ပင် စိတ်လှုပ်ရှားနေပြီး "ဒါတွေအားလုံးက ဆရာ့ရဲ့ လမ်းညွှန်မှုတွေကြောင့်ပါ။ ဆရာ့ရဲ့ လမ်းညွှန်မှုသာ မရှိရင် ကျွန်တော် ဒီနေ့လိုမျိုး ဖြစ်လာမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ပညာတွေကို ပိုသင်ယူလေလေ၊ ကျွန်တော့်မှာ လိုအပ်ချက်တွေ ရှိနေသေးတာကို ပိုသိလာရလေလေပါပဲ။ နောင်ကျရင်လည်း ဆရာက

ဆက်ပြီး လမ်းညွှန်ပေးပါဦးမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော် တသက်လုံး ကျေးဇူးတင်နေမှာပါ" ဟု ပြောလိုက်သည်။

ကောင်းကင်အဆင့်သို့ ရောက်ရှိသွားပြီးနောက် သူသည် သူ၏ဆရာနှင့် အဆင့်တူ တိုက်ခိုက်နိုင်မည်ဟု ထင်မှတ်ခဲ့သော်လည်း အဆုံးတွင်မူ သူသာ ရှုံးနိမ့်ခဲ့ရသေးသည်။

ထို့ကြောင့် သူ၏ ငယ်ရွယ်လှသော ဆရာ၏ တာအိုအပေါ် နားလည်မှုမှာ မည်မျှအထိ နက်နဲလှသည်ကို ခန့်မှန်း၍ပင် မရနိုင်တော့ချေ။ သူသည် ဆက်လက်သင်ယူလိုပြီး သူ၏ လှံသိုင်းကို ပိုမိုထက်မြက်စေချင်သေးသည်။

"မင်း သင်ချင်တယ်ဆိုရင်တော့ ငါက သင်ပေးမှာပေါ့" ဟု လင်းပိုင်ဖန်က ကတိပေးလိုက်သည်။

လှံနတ်ဘုရားမှာ အလွန်ပင် ဝမ်းသာသွားပြီး

"ကျေးဇူးတင်ပါတယ် ဆရာ" ဟု ဆိုလိုက်သည်။

ထိုအချိန်မှာပင် လင်းပိုင်ဖန်၏ စိတ်ထဲ၌ အသံတစ်ခု ထွက်ပေါ်လာသည်။

"ဒင်...! ကစားသမားရဲ့ နိုင်ငံတော်အင်အား တိုးတက်လာတဲ့အတွက် သင်၏ ခွန်အားမှာလည်း တပြိုင်နက်တည်း တိုးတက်လာခဲ့သည်။ ဆုလာဘ်အဖြစ် 'စစ်နတ်ဘုရား ကျမ်းစာအုပ်' ကို ပေးအပ်လိုက်သည်"

"စစ်နတ်ဘုရား ကျမ်းစာအုပ်ဟာ သိုင်းပညာရဲ့ ရတနာတစ်ခုဖြစ်ပြီး ပုံကားချပ် ၄၉ ခု ပါဝင်နေသည်။ ပုံတစ်ခုချင်းစီမှာ စကြဝဠာရဲ့ လျှို့ဝှက်ချက်တွေနဲ့ သိုင်းပညာရဲ့ အခြေခံတရားတွေ ပါဝင်နေပြီး အောင်မြင်စွာ တတ်မြောက်သွားတဲ့အခါ လောကကြီးကို တုန်လှုပ်စေနိုင်တဲ့ အစွမ်းတွေကို ပိုင်ဆိုင်ရမှာပင် ဖြစ်သည်"

လင်းပိုင်ဖန်မှာ ထိုပညာရပ်များကို လျင်မြန်စွာ

စုပ်ယူလိုက်ရာ သူ၏ အစွမ်းမှာ နောက်ထပ် ခြေလှမ်းကြီးတစ်ခုအထိ တိုးတက်သွားခဲ့သည်။ ယခုဆိုလျှင် သူသည် သာမန် မဟာကောင်းကင် အဆင့် သိုင်းပညာရှင် လေးငါးယောက်ကိုပင် အေးအေးလူလူ ကိုင်တွယ်နိုင်ပြီ ဖြစ်သည်။ မကြာမီ အနာဂတ်တွင် သူသည် ခေတ်ပြိုင် ကောင်းကင်အဆင့် သိုင်းပညာရှင် အားလုံးကို သူတစ်ယောက်တည်း၏ အစွမ်းဖြင့် နှိမ်နင်းနိုင်ရုံသာမက 'မြင့်မြတ် ကောင်းကင်အဆင့်' အထိပါ တက်လှမ်းနိုင်ပေတော့မည် ဖြစ်ပေသည်။

တပည့်ဖြစ်သူ၏ တိုးတက်မှုက သူ၏ အစွမ်းကိုပါ တိုးတက်စေခဲ့သဖြင့် လင်းပိုင်ဖန်က ဂုဏ်ယူစွာဖြင့် "မဟာရှမင်းဆက်မှာ နောက်ထပ် ကောင်းကင်အဆင့် သိုင်းပညာရှင် တစ်ယောက် ထပ်ရပြီပဲ။ ဒီသတင်းကို ကြေညာပြီး တစ်နိုင်ငံလုံးကို သုံးရက်တိုင်တိုင် အောင်ပွဲခံခိုင်းလိုက်"

ဟု အမိန့်ပေးလိုက်တော့သည်။

"အမိန့်တော်အတိုင်းပါ အရှင်မင်းကြီး" ဟု အားလုံးက ပြန်လည်ဖြေကြားလိုက်ကြသည်။

……

ဤသို့ဖြင့် မဟာရှနိုင်ငံ၏ ရိက္ခာအထွက်နှုန်း ကောင်းမွန်မှုနှင့် လုံနတ်ဘုရား ကောင်းကင် အဆင့်သို့ ရောက်ရှိသွားသည့် သတင်းမှာ တစ်လောကလုံးသို့ လျှင်မြန်စွာ ပျံ့နှံ့သွားလေတော့သည်။ အားလုံးကလည်း မနာလိုဖြစ်ကာ မျက်စိများပင် စိမ်းနေကြတော့သည်။

"တောက်... မဟာရှက ဒီနှစ်မှာလည်း ရိတ်သိမ်းပွဲ အထွက်နှုန်း ကောင်းပြန်ပြီလား"

"သူတို့ဆီက ရိက္ခာတွေက လူဦးရေ သန်း ၁၀၀ စာတောင် ဖူလုံတယ်တဲ့၊ သူတို့မှာ လူဦးရေက သန်း ၇၀ ပဲ ရှိတာလေ"

"ရိက္ခာထက် ပိုပြီး မနာလိုဖို့ကောင်းတာက သူ

တို့ဆီမှာ နောက်ထပ် ကောင်းကင်အဆင့် သိုင်းပညာရှင် တစ်ယောက် ထပ်ထွက်လာတာပဲ၊ အဲဒါကလည်း လှံကို သုံးတဲ့သူတဲ့ကွာ"

"ကောင်းကင်အဆင့် သိုင်းပညာရှင်ဆိုတာ ရှားပါးလှတဲ့ လောကရဲ့ အန္တိုင်းမဲ့ ပုဂ္ဂိုလ်တွေ မဟုတ်လား... ဒါပေမဲ့ ဘာလို့ အဲဒီလို လူတွေက သူ့ဆီမှာပဲ စုနေကြတာလဲ"

"အခုဆိုရင် မဟာရှမှာ ကောင်းကင်အဆင့် သိုင်းပညာရှင် ၃ ယောက်တောင် ရှိနေပြီ"

"ငါတို့ဆီမှာ တစ်ယောက်ရဖို့တောင် မနည်း လုပ်နေရတာ... အဲဒီ ဧကရာဇ်လေးက ဘယ်လို အစွမ်းအစတွေ ရှိနေလို့ ဒီလောက်များပြားတဲ့ ကောင်းကင်အဆင့် သိုင်းပညာရှင်တွေကို သူ့ဆီ လာပြီး အမှုထမ်းအောင် ဆွဲဆောင်နိုင်ရတာလဲ"

"အား... မနာလိုလွန်းလို့ ရူးတော့မှာပဲ ဟေ့....!!!"

***